# ပထမအကြိမ် အမျိုးသားလွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# ၃၈ ရက်မြောက်နေ့ အစီအစဉ်

# [ ၁ - ၄ - ၂၀၁၅ ]

# (ဗုဒ္ဓဟူးနေ့)

၁။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ၃၈ ရက်မြောက်နေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးသိန်းလှိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၏ **ကျေးရွာပိုင်မြေနှင့် သတ္တုမိုင်းမြေအား ခွဲခြားသတ်မှတ်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဗိုလ်မှူးဇဝန၊ တပ်မတော်သား ကိုယ်စားလှယ်၏ **မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ငှားရမ်းထုတ်ပေးထားသော CDMA (450 MHz) ဖုန်း၏ အနာဂတ် စီမံဆောင်ရွက်မည့် အခြေအနေကို သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးဖိုးဇော်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၏ **ပဲခူးတိုင်းအတွင်းရှိ သနပ်ပင်မြို့နယ်နှင့် ကဝမြို့နယ်အပါအဝင် PCO အငှားဖုန်း၊ CDMA(450-MHz) များအတွက် ပေးသွင်းငွေများ ပြန်လည်ထုတ်ပေးနေသည့် အခြေအနေနှင့် မည်သည့်စီမံခန့်ခွဲမှုဖြင့် ဆောင်ရွက်ပေးနေပြီး တိုင်းအတွင်း မြို့နယ်များရှိ အငှားဖုန်းအတွက် ပေးသွင်းထားသူများအား မည်သည့်အချိန်တွင် ပြန်လည် ထုတ်ပေးသွားမည်ကို** သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးနိုင်ထွန်းအုံ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၏ **မွန်ပြည်နယ်တွင် တယ်လီဖုန်းလိုင်းများ ကောင်းမွန်လာစေရေးအတွက် ပြုပြင်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာနိုင်ငံ သူနာပြုနှင့်သားဖွားကောင်စီ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၇။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ၃၈ ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် ၃၉ ရက်မြောက်နေ့ အစည်းအဝေး ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။